**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ကြောင်းအသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာသိရှိလိုသော မေးမြန်းမှုများ၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များကို လမ်းညွှန်အသိပေးရှင်းလင်း ဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးဆောင်ရွက်နိုင်ရေးအတွက် **ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ (Centralised Taxpayer Service Unit)** ကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း နှင့် ကုန်သည်လမ်းထောင့်၊ အမှတ် (၅၉/၆၁)၊ မြေညီထပ်တွင် ၂၂-၇-၂၀၂၀ ရက်နေ့မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့အနေဖြင့် အခွန်ထမ်းပြည်သူများအား အောက်ဖော်ပြပါ အခွန်ဆိုင်ရာကိစ္စရပ်များကို ဝန်ဆောင်မှုပေး ကူညီဆောင်ရွက်လျက်ရှိပါသည်-

(က) ကုမ္ပဏီအသစ်များအား အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် အခွန်စည်းကြပ်မှုခံယူရမည့်ရုံး သတ်မှတ်ပေးခြင်း၊

(ခ) လက်ရှိအခွန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်းများ၏ အခွန်ရုံးပြောင်းလဲစည်းကြပ်မှု ခံယူရန် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးခြင်း၊

(ဂ) အကျိုးအမြတ်မယူသောအဖွဲ့အစည်းများ အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြုခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊

(ဃ) အခွန်ထမ်းများမှ သိရှိလိုသော အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ငန်းစဉ်များနှင့် မရှင်းလင်းသည့်အချက်အလက်များကို လာရောက်မေးမြန်းခြင်းနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပါက ပြန်လည်ရှင်းလင်း ဖြေကြားခြင်း။

၃။ အခွန်ထမ်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များကို ယခုထက်ပိုမို အဆင်ပြေချောမွေ့စွာဖြင့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၏ ရုံးခန်းကို ယခုလက်ရှိ ဖွင့်လှစ်ထားသည့်နေရာမှ အောက်ဖော်ပြပါလိပ်စာသို့ ၅-၁-၂၀၂၂ ရက်နေ့မှ စတင်ပြောင်းရွှေ့ ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အခွန်ဆိုင်ရာသိရှိလိုသည့် ကိစ္စရပ်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်-

**အမှတ်(၁၂၈/၁၃၂)၊ ဒုတိယထပ်နှင့် တတိယထပ်၊**

**ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်းနံပါတ်** - ၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂၊ ၀၁-၈-၃၇၈၃၇၀

ပြည်တွင်းအခွန်များဦးစီးဌာန